## "ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော် သဘောတူညီချက်"

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရသည် ပြည်သူများ၏ လူနေမှုဘဝ ပိုမိုတိုးတက်ကောင်းမွန်ပြီး ခေတ်မီ၍ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတစ်ခု ဖြစ်ပေါ်စေရန် အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဥ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျှက် ရှိပါသည်။ အစိုးရသည် အမှန်တကယ် ရရှိနိုင်သည့် ရလာဒ်များကို စူးစိုက်၍ ပြည်သူဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိရန် မျှော်မှန်းချက် ထားပါသည်။ မြန်မာနိုင်ငံအစိုးရသည် ထောင်စုနှစ် ရည်မှန်းချက်များ ရရှိရေးနှင့် ဆင်းရဲမှု လျှော့ချရေးအတွက် စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန် နိုင်ငံတကာ အကူအညီအထောက် အပံ့များဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ခိုင်မာစွာ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြင့်တင်ရာတွင် နိုင်ငံတကာ အသိုက်အဝန်း ၏ အသိပညာ ဗဟုသုတ၊ အတွေ့အကြုံနှင့် အရင်းအမြစ်များကို အသုံးပြုနိုင်ရန်အတွက် အစိုးရသည် နိုင်ငံတကာ အသိုက်အဝန်းနှင့် ပြန်လည် ဆက်ဆံလျှက်ရှိပါသည်။ အစိုးရအနေနှင့် ပြည်သူများနှင့် ဖွံ့ဖြိုးမှုမိတ်ဘက်များ အတွက် ဤသို့ ပူးပေါင်းဆောင်ရွက်မှုမှ အမြင့်မားဆုံး အကျိုးကျေးဇူးကို ရရှိစေရေး ဆောင်ရွက်ရန် တာဝန်ရှိသည်ကို သိရှိပါသည်။ မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်များသည် ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုထိရောက်ရေး အတွက် ခိုင်မာသော လုပ်ဆောင်ချက်များကို ဆောင်ရွက်သွားရန် သဘောတူညီကြပါသည်။ ဤ "ဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော် သဘောတူညီချက်" သည် မြန်မာနိုင်ငံ၏ တစ်မူထူးခြားသော သမိုင်းကြောင်း၊ နှုန်းစံတန်ဘိုးများ၊ အုပ်ချုပ်မှုစနစ်များ၊ လူမှုစီးပွား အခြေအနေများအပေါ် အခြေခံ၍ ရှင်းလင်းပြီး ကြီးကြပ်ရန် လွယ်ကူသော လုပ်ငန်းရပ် များကို ဖန်တီးနိုင်မည့် ပြည်တွင်းအခြေအနေနှင့် ကိုက်ညီမှု ရှိသည့် ကတိကဝတ်များ ဖြစ်ပါသည်။

ဤကတိကဝတ်များသည် အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဘက်များအကြား ဆွေးနွေးမှုများနှင့် ပဲရစ်ကြေညာချက်၊ အက္ကရာ လုပ်ငန်းစဥ်တို့ အပါအဝင် နိုင်ငံတကာတွင် အကူအညီ ထိရောက်မှု ရှိရေး ဆိုင်ရာ ဆွေးနွေးမှုများ၏ ရလာဒ်များအပေါ် အခြေခံ၍ ချမှတ်ထားခြင်း ဖြစ်ပါသည်။ အထူးသဖြင့် နေပြည်တော်သဘောတူညီချက်သည် စတုတ္ထအကြိမ် အကူအညီ ထိရောက်မှုရှိရေး အဆင့်မြင့်ဖိုရမ်တွင် ဆွေးနွေးမှုများကို အလေးထားစဥ်းစား၍ "ထိရောက်သည့် ဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်ရေး အတွက် ဘူဆန် မိတ်ဖက်ပြုမှု" တွင် ချမှတ်ခဲ့သည့် သဘောတရားများဖြစ်သည့် အစိုးရမှ ပိုင်ဆိုင်မှု၊ အကျိုးရလာဒ် အတွက် စူးစိုက်ဆောင်ရွက်မှု၊ ပြည်သူတစ်ရပ်လုံး ပါဝင်ခံစား နိုင်မည့် ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်မှု၊ မြင်သာထင်သာရှိမှု နှင့် တာဝန်ခံမှုတို့ကို ဆက်လက် ထိန်းသိမ်း ထားပါသည်။

"ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော် သဘောတူ ညီချက်" ကို အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဘက်များ အပြန်အလှန် တာဝန်ခံမှုဖြင့် အတူတကွ ရေးဆွဲ ချမှတ်ခြင်း ဖြစ်ပါသည်။ ယင်းသို့ ရေးဆွဲရာတွင် အာရှဒေသရှိ နိုင်ငံများနှင့် တစ်ကမ္ဘာလုံးတွင် ချမှတ် ထုတ်ပြန်ခဲ့သည့် ဖွံ့ဖြိုးမှုအတွက် ထိရောက်မှုရှိရေးဆိုင်ရာ သဘောတူညီများစွာတို့ကိုလည်း လေ့လာ ပါသည်။ မြန်မာနိုင်ငံအစိုးရသည် လာမည့် နှစ်များအတွင်း ပိုမိုကျယ်ပြန့်သည့် ဖွံ့ဖြိုးမှု အတွက် ထိရောက်မှုရှိရေးကို မြှင့်တင်ရန် အခြားနိုင်ငံများတွင် ဆောင်ရွက်သကဲ့သို့ အလားတူ အစီအစဉ် များဖြင့် ဆက်လက် တိုးမြှင့်လုပ်ဆောင်သွားရန် ရည်ရွယ်ပါသည်။ ယင်း အတွက် ဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်ရေးတွင် ထိရောက်မှု ရှိစေမည့် ယခု သဘောတူညီချက်ဖြင့် စတင် ဆောင်ရွက်မည် ဖြစ်ပါ သည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရသည် အောက်ပါ အတိုင်းဆောင်ရွက်ရန် ကတိကဝတ် ပြုပါသည်။**

<u>ဦးစားပေး ဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် စီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် ဆက်လက်၍ ပိုမိုနက်ရှိုင်းစွာ ညှိနှိုင်းဆွေးနွေးသွားရန်</u>

- အစိုးရ၏ အဆင့်တိုင်း (ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသအဆင့်) တွင် အသိပညာ မျှဝေမှုနှင့် ညှိနှိုင်းဆွေးနွေးမှု စနစ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊
- အရပ်ဘက် အဖွဲ့အစည်းများကို ပူးပေါင်းပါဝင်စေခြင်းဖြင့် ပိုမိုနီးကပ်စွာ ဆက်ဆံသွားရန် နှင့် အထူးသဖြင့် အမျိုးသမီးများ၊ လူနည်းစု လူမျိုးများအနေနှင့် ပိုမို ပြောရေးဆိုခွင့် ရရှိစေရန်၊
- ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ သဘောထားအမြင်များကို ထည့်သွင်းစဥ်းစားရန်၊

<u>အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများ ပေါ်ပေါက်ရေးအတွက် စူးစိုက်ဆောင်ရွက်ရန်</u>

- လူ့အခွင့်အရေးကို အသိအမှတ်ပြုခြင်းနှင့် ပြည်သူများ ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်း စဉ် များဖြင့် ဒီမိုကရေစီ ယဥ်ကျေးမှု ထွန်းကားစေရန်၊
- တရားဥပဒေ စိုးမိုးရေး ပိုမို ခိုင်မာစေရန်နှင့် တရားမျှတမှုနှင့် သတင်းအချက်အလက်များ ရရှိနိုင်မှု ပိုမိုကောင်းမွန်စေရန်၊
- မူဝါဒချမှတ်ခြင်း၊ ဘတ်ဂျက်လုပ်ငန်းစဉ်နှင့် အောက်ခြေအဆင့် ဝန်ဆောင်မှုပေးခြင်းတို့တွင် အရပ်ဖက် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်နိုင်မည့် ဝန်းကျင်တစ်ရပ် ဖန်တီးပေးရန်၊

- ဈေးကွက်ကို အခြေခံ၍ ပြည်သူအားလုံးပါဝင်ခံစားနိုင်မည့် ဖွံ့ဖြိုးမှုနှင့် ရေရှည်တည်တံ့ သည့် တိုးတက်မှု ရရှိရေး လုပ်ဆောင်ရာတွင် ပစ္စည်း ပိုင်ဆိုင်မှုတွင် လုံခြုံမှု ရှိရေးအပါအဝင် ဆင်းရဲသူများကို အလေးပေး စူးစိုက်ဆောင်ရွက်ခြင်းဖြင့် ထောင်စုနှစ်ရည်မှန်းချက်များ ရရှိရေးကို အရှိန်တိုးမြှင့်လုပ်ဆောင်ရန်၊

- ပဋိပက္ခဖြစ်ပွားသည့် ဒေသများတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ညီညွတ်ရေး ကို မြှင့်တင်ရန်အတွက် ငြိမ်းချမ်းရေးတည်ဆောက်မှု၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးမှု လုပ်ငန်းများကို အရှိန်တိုးမြှင့်လုပ်ဆောင်ရန်၊

ထိရောက်သည့် ဆုံးဖြတ်ချက်ချမှတ်မှု ဖြစ်ပေါ်စေရန်

- စာရင်းအင်းစနစ် နှင့် စာရင်းအင်း အချက်အလက်များ မှန်ကန်ရေး နှင့် အရည်အသွေး မြင့်မားရေး အပါအဝင် အထောက်အထား အခြေပြု ဆုံးဖြတ်ချက်ချမှတ်မှုကို တည်ဆောက် လုပ်ဆောင်ရန်၊

- ဖွံ့ဖြိုးမှုစီမံကိန်းအားလုံးတွင် စွမ်းဆောင်ရည် မြင့်မားစေရေး ရည်မှန်းချက်ကို ထည့်သွင်း လုပ်ဆောင်ရန်နှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင့်လျော်သည့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရန်၊

- အမျိုးသားအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေး စီမံကိန်း များကို ရလာဒ်မူဘောင်များ သတ်မှတ်ဖော်ပြ၍ ဦးစားပေးအစီအစဉ် အလိုက် ကုန်ကျ စရိတ်များဖြင့် ရေးဆွဲ ပုံနှိပ်ရန် နှင့် ဘတ်ဂျက်ခွဲဝေမှု နှင့် ပြည်သူ့ရေးရာမူဝါဒ ဆုံးဖြတ်ချက် များတွင် အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများကို ထင်ဟပ်စေရန်၊

အချိတ်အဆက်မိ၍ စွမ်းဆောင်ရည်ရှိသည့် အကူအညီ အထောက်အပံ့ စီမံခန့်ခွဲရေးစနစ် ဖွံ့ဖြိုး လာစေရန်

- ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးတွင် ခွင့်ပြုပေးခြင်းနှင့် အကောင်အထည်ဖော်ခြင်း ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပုံနှိပ်ထုတ်ဝေခြင်း၊ သုံးသပ်ခြင်းနှင့် တစ်ပြေးညီဖြစ်ရေး လုပ်ဆောင်ရန်၊

- စီမံကိန်း နှင့် ဘတ်ဂျက်ရေးဆွဲခြင်းကို အထောက်အကူပြုရန်အတွက် နိုင်ငံခြားအကူအညီ စီမံခန့်ခွဲမှု သတင်းအချက်အလက် စနစ်တစ်ရပ် ဖြစ်ပေါ်ရေး လုပ်ဆောင်ရန် နှင့် အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ နိုင်ငံခြားအကူအညီအထောက်အပံ့များ ထိရောက်မှုရှိရေး ဆောင်ရွက်မှု ကို စောင့်ကြပ်ကြည့်ရှုနိုင်မည့် မူဘောင်တစ်ရပ်ဖြစ်ပေါ်စေရန်၊

- အမျိုးသားအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် ကဏ္ဍအလိုက် အဆင့်များတွင် အစိုးရဦးဆောင်၍ ဖွံ့ဖြိုးမှု မိတ်ဖက်များ နှင့် ပုံမှန်ဆွေးနွေးနိုင်မည့် စနစ်များ ဖန်တီးရန်၊

<u>အစိုးရ၏ အစီအစဥ်များ နှင့် နိုင်ငံခြားအကူအညီများ ထိရောက်မှုနှင့် မြင်သာထင်သာ ရှိမှုကို မြှင့်တင်ရန် အတွက် ပြည်သူ့အုပ်ချုပ်ရေးစနစ် ခိုင်မာစေရန်</u>

- လွှတ်တော်၏ ဥပဒေပြုခြင်းနှင့် ကြီးကြပ်ခြင်းလုပ်ငန်းများနှင့် မူဝါဒချမှတ်မှုတွင် ပြည်သူများ ပါဝင်ဆောင်ရွက်နိုင်မည့် ပုံစံအသစ်များကို ပံ့ပိုးကူညီရန်၊

- အာဏာစီးဆင်းပုံ ရှင်းလင်းလွယ်ကူရေး၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အာဏာ ခွဲဝေ ကျင့်သုံးရေး နှင့် အစိုးရဌာနများအကြား ချိတ်ဆက်မှု နှင့် စူးစိုက်ဆောင်ရွက်မှု ခိုင်မာစေရန်၊

- အစိုးရ အဖွဲ့အစည်းများ၏ အဓိကလုပ်ငန်းများကို ပိုမို ခိုင်မာထိရောက်စွာ လုပ်ဆောင် နိုင်ရန်၊ စွမ်းဆောင်ရည်နှင့် ထိရောက်မှု ပိုမိုကောင်းမွန်ရန်အတွက် အစိုးရ၏ လုပ်ဆောင်မှုတွင် စံတိုက်ခြင်းနှင့် ပြန်လည်ချိန်ညှိမှုစနစ်များဖြင့် လုပ်ဆောင်ရန်၊

- ဘတ်ဂျက်လုပ်ငန်းများတွင် အချိန်နှင့် တစ်ပြေးညီ ပိုမိုစိတ်ချ အားထားရသည့် သတင်း အချက်အလက်များကို အီလက်ထရောနစ်နည်းဖြင့်လည်း ပုံနှိပ်ဖြန့်ဝေခြင်းဖြင့် ပို၍ မြင်သာ ထင်သာရှိစေရန်၊

- အလွဲသုံးစားမှု စီမံခန့်ခွဲမှုကို ပိုမိုခိုင်မာစေရန် နှင့် အစိုးရပစ္စည်းဝယ်ယူမှု ပိုမိုကောင်းမွန် စေခြင်းနှင့် အဂတိလိုက်စားမှု ကာကွယ်ရေး ဥပဒေကို အကောင်အထည်ဖော်ခြင်းတို့ဖြင့် ပြည်တွင်းနှင့် ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှု အရင်းအမြစ်များကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်ရန်၊

- ပြည်တွင်း အရင်းအမြစ်များကို ပိုမို ရယူ အသုံးပြုရန်နှင့် ပိုမိုအားထားရန်၊

- လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အား ကာကွယ်မှု ပိုမိုခိုင်မာစေရန်နှင့် အကောင်အထည် ဖော်ရာတွင် ကိုက်ညီမှု ရှိစေရန်၊

**ဖွံ့ဖြိုးမှုမိတ်ဖက်များမှ အောက်ပါအတိုင်းဆောင်ရွက်ရန် ကတိကဝတ် ပြုပါသည်။**

<u>မြန်မာနိုင်ငံ၏တစ်မူထူးခြားသော ပြည်တွင်းအနေအထားမှ စတင်ဆောင်ရွက်ရန်</u>

- ဖွံ့ဖြိုးမှု မိတ်ဖက်အချင်းချင်း နှင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများသည် သုတေသနဆိုင်ရာ လေ့လာမှုများနှင့် ကဏ္ဍအလိုက် သုံးသပ်မှုများတွင် ပူးပေါင်း ဆောင်ရွက်ရန်၊
- ဖွံ့ဖြိုးမှု စာရင်းအချက်အလက်များကို ကျား/မ ခွဲခြား၍ ကောက်ယူရန်၊ အဓိပ္ပာယ် ကောက်ရန် နှင့် အသုံးပြုရန် အတွက် အမျိုးသား စွမ်းဆောင်ရည် တည်ဆောက်ရန်၊
- ဖွံ့ဖြိုးဆဲ နိုင်ငံ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု နှင့် အာဆီယံကဲ့သို့ ဒေသတွင်း အောင်မြင်မှုများမှ အပြန်အလှန် လေ့လာသင်ယူမှုကို ကူညီပံ့ပိုးသွားရန်၊

<u>အကူအညီများကို နိုင်ငံ၏ ဦးစားပေး လုပ်ငန်းများ နှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားရန်</u>

- အကူအညီအထောက်အပံ့များကို စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု မူဘောင်၊ အမျိုးသားဘက်စုံ ဖွံ့ဖြိုးရေးစီမံကိန်း နှင့် အခြားသော စီမံကိန်းများတွင် ချမှတ်ထားသည့် မြန်မာနိုင်ငံပိုင်ဖြစ်သည့် နိုင်ငံအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသအဆင့် ဦးစားပေး လုပ်ငန်းများ နှင့် ကိုက်ညီမှုရှိစွာ ဆောင်ရွက်ရန်၊
- အစီအစဥ်များ ၊ မဟာဗျူဟာများနှင့် ပတ်သက်၍ သက်ဆိုင်သည့် ပြည်တွင်း အဖွဲ့အစည်း များနှင့် စဥ်ဆက်မပြတ် ထိရောက်စွာဆွေးနွေး ဆောင်ရွက်သွားရန်၊
- အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ ဒေသခံ အသိုက်အဝန်းများ၊ ပြည်သူများ၊ အထူးသဖြင့် အမျိုးသမီးများ၊ လူမျိုးစုများ၊ သာမန်ပြည်သူများ နှင့် တိုင်ပင်ဆွေးနွေးရန်၊

<u>မြန်မာနိုင်ငံမှဦးဆောင်သော ညှိနှိုင်းဆောင်ရွက်ရေး လုပ်ငန်းစဥ်တွင် ပါဝင်ရန်နှင့် ယင်းနှင့်အညီ ဆောင်ရွက်ရန်</u>

- အစိုးရနှင့် ဆွေးနွေးမှု ရလာဒ်များမှ မဟာဗျူဟာ ဦးတည်ချက်ကို ရယူရန်၊
- ပုဂ္ဂလိက ကဏ္ဍအပါအဝင် အခြားသူများနှင့်လည်း ဆွေးနွေးရန်၊
- အစိုးရဝန်ကြီးဌာနများက ဦးဆောင်သော ကဏ္ဍအလိုက် နှင့် ဦးတည်ချက်အလိုက် ညှိနှိုင်း ဆောင်ရွက်မှုစနစ်များကို တက်ကြွစွာ အထောက်အကူပြုသွားရန်၊ လုပ်ငန်းအဖွဲ့ အမြောက် အများ ဖွဲ့စည်းခြင်း မပြုရန်၊

<u>ငြိမ်းချမ်းရေး နှင့် နိုင်ငံ တည်ဆောက်ရေးကို အထောက်အကူပြုရေးအတွက် ပဋိပက္ခ မဖြစ်စေသည့် ဘက်စုံချဉ်းကပ်မှုကို အသုံးပြုရန်</u>

- ပဋိပက္ခ ဖြစ်ပွားမှုအခြေအနေများကို ကောင်းစွာနားလည်ရန်နှင့် မဟာဗျူဟာနှင့် အစီအစဉ်များကို ကျယ်ပြန့်စွာ တိုင်ပင်ဆွေးနွေးရန်၊
- ပဋိပက္ခ ဖြစ်ပွားသော ဒေသနှင့် ငြိမ်းချမ်းရေး ဒေသများတွင် တည်ရှိပြီး ဖွဲ့စည်းမှုပုံစံများမှ တစ်ဆင့် မြင်သာထင်သာရှိစွာ နှင့် ညီမျှစွာ အကူအညီများ ပေးရေးအတွက် လျှင်မြန်စွာ ဆောင်ရွက်ရန်၊
- ပဋိပက္ခဖြစ်ပွားသော ဒေသများတွင် အစိုးရ၏ အဓိကလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး၊ တာဝန်ခံမှု ရှိရေး နှင့် ပြင်ပ နှင့် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုတို့တွင် အစိုးရ စွမ်းဆောင်ရည် ပိုမိုခိုင်မာစေရန်၊
- မူဝါဒချမှတ်မှုနှင့် သုံးသပ်မှုတွင် ပြည်သူများ ပါဝင်နိုင်ရန်အတွက် လွှတ်တော်များ၊ ဥပဒေ အာဏာပိုင်များနှင့် အများပါဝင်ဆောင်ရွက်နိုင်မှု လုပ်ငန်းစဉ်များ အပါအဝင် ထိန်းညှိ ကွပ်ကဲရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ပိုမိုခိုင်မာစေရန်၊

<u>မြန်မာပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှု ရလာဒ်များ အများဆုံး ရရှိအောင် အလေးထား ကြိုးပမ်းရန်</u>

- ထောင်စုနှစ် ရည်မှန်းချက်များရရှိရေး မြှင့်တင်ရန်အတွက် ဆင်းရဲသူများကို အကျိုးဖြစ်ထွန်း စေပြီး ပြည်သူအားလုံး ပါဝင်ခံစားနိုင်မည့် မဟာဗျူဟာနှင့် အစီအစဉ်များ ရေးဆွဲချမှတ်ရန်၊
- ပုဂ္ဂလိကကဏ္ဍနှင့် ပိုမိုထိတွေ့၍ နားလည်မှုရှိလာခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှုအတွက် အတားအဆီးများကို ဖြေရှင်းပေးရန်နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၏ ဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှုများကို တိုးတက်ကောင်းမွန်စေရန်၊
- ပူးတွဲစောင့်ကြပ်ကြည့်ရှုမှု နှင့် သုံးသပ်မှုတို့ ပါဝင်ပြီး ကျား/မ မခွဲခြားသည့် နိုင်ငံမှ ဦးဆောင်သော ဖွံ့ဖြိုးမှုရလာဒ်များကို အစီရင်ခံရေး စနစ်တစ်ရပ် တည်ဆောက် အကောင်အထည် ဖော်ရေး ဆောင်ရွက်ရန်၊
- လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုကို အကဲဖြတ်မှုစနစ်ဖြင့် လုပ်ဆောင် ရန် နှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းရလာဒ်များနှင့် ကိုက်ညီမှုရှိစေရန်၊

အဖွဲ့အစည်းများ ခိုင်မာရေး၊ စွမ်းဆောင်ရည်တည်ဆောက်ရေး၊ လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ် လျော့နည်းရေး နှင့် အကူအညီ အထောက်အပံ့များ ပိုမို အကျိုးရှိရေးအတွက် အစိုးရနှင့် လက်တွဲ ဆောင်ရွက်ရန်

- အကူအညီ အထောက်အပံ့များ ရရှိစေခြင်း၊ စီစဉ်ခြင်း နှင့် ပေးအပ်ခြင်းတွင် အပြည့်အဝ ထင်သာမြင်သာ ရှိစေရန် နှင့် တတ်နိုင်သမျှချည်နှောင်မှု မပါဘဲပေးအပ်ရန်၊
- အစိုးရနှင့် အခြား ဖွံ့ဖြိုးမှု မိတ်ဖက်များသို့ အချိန်နှင့် တစ်ပြေးညီ တိကျသော အစီအစဉ်များ နှင့် ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များပေးရန်၊
- မြန်မာနိုင်ငံအတွက် အနာဂတ် အကူအညီ ခွဲဝေမှုနှင့် ပတ်သက်၍ ကြိုတင်ခန့်မှန်းနိုင်မှုကို အမြင့်ဆုံးရရှိစေရန် နှင့် ဖြစ်နိုင်ပါက ၃ နှစ်မှ ၅ နှစ်ထိ ခန့်မှန်းဘတ်ဂျက်ကို ထုတ်ပြန် ပေးရန်၊
- နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကို စနစ်တကျ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် ဆောင်ရွက်ရန်၊ အမျိုးသား မူဝါဒများ၊ အဖွဲ့အစည်းများ နှင့် စနစ်များ ပိုမို ခိုင်မာစေရေးနှင့် ပြည်တွင်း စွမ်းဆောင်ရည် တည်ဆောက်ရေးအတွက် စူးစိုက် ဆောင်ရွက်ရန်နှင့် ပြည်တွင်း စွမ်းဆောင် ရည်ကို အစားထိုးခြင်းမျိုး မဖြစ်စေရန်၊
- မြန်မာနိုင်ငံမှ ဦးဆောင်သည့် အစီအစဉ်များအတွင်းမှ လုပ်ဆောင်ရန်နှင့် တတ်နိုင်သမျှ လုပ်ငန်းတစ်ခုချင်းကို ဆောင်ရွက်သည့် လုပ်ရပ်များ တိုးမြှင့် လုပ်ဆောင်ခြင်း၊ သီးခြား လုပ်ငန်းစီမံကိန်း စီမံခန့်ခွဲမှု အဖွဲ့များ တိုးမြှင့်ဖွဲ့စည်းခြင်းတို့ကို ရှောင်ရှားရန်၊
- ခိုင်မာ၍ ပူးတွဲဆောင်ရွက်သည့် ဆန်းစစ်မှု၊ လုပ်ငန်းစဉ်တစ်လျှောက် ပြဿနာများကို ဖော်ထုတ်သတ်မှတ်မှုနှင့် ဖြေရှင်းမှုတို့ဖြင့် မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်မှု စနစ်များနှင့် ဖွဲ့စည်းမှုပုံစံများအတွင်းမှ အလျှင်အမြန် လုပ်ဆောင်သွားရန်၊
- တူညီသည့် အခြေခံကို ရှာဖွေ၍ ဖွံ့ဖြိုးမှုမိတ်ဘက် အားလုံးသည် တတ်နိုင်သမျှ တစ်သံတည်း ပြောဆို လုပ်ဆောင်ကြရန်၊

လုပ်ငန်းဆောင်ရွက်မှု အကဲဖြတ်ခြင်း

ဤသဘောတူညီချက်ကို အကောင်အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံအစိုးရ နှင့် ဖွံ့ဖြိုးမှုမိတ်ဘက်များ ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်း၍ လုပ်ငန်းဆောင်ရွက်မှုမူဘောင် သို့မဟုတ် လုပ်ငန်းအစီအစဉ်ကို ရေးဆွဲမည်ဖြစ်သည်။ ဤမူဘောင်တွင် အထက်ဖော်ပြပါ ကတိကဝတ်များ အတိုင်း လုပ်ဆောင်မှုအား အကဲဖြတ်မည့် စံချိန်စံညွှန်းများ ဖြစ်သည့် အဓိကညွှန်ကိန်းများကို

ထည့်သွင်း သတ်မှတ်သွားမည်ဖြစ်သည်။ ၎င်း ညွှန်ကိန်းများသည် ဆီလျော်မှုရှိ၍ အမှန်တကယ် ရရှိနိုင်ပြီး စောင့်ကြပ်ကြည့်ရှုနိုင်ရမည်။

**၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဖွံ့ဖြိုးမိတ်ဘက်များသို့ တင်ပြ၍ ၎င်းတို့အားလုံးမှ ထောက်ခံအတည်ပြုသည်။**